တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ပါက ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများ လျှော့ချနိုင်မည် ဖြစ်သဖြင့် အတည်ပြုထုတ်ပြန်နိုင်သည့် အစီရင်ခံစာ ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အရှေ့တိုင်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရေပူတောင်လုပ်ကွက်တွင် ခဲမဖြူ၊ အဖြိုက်နက်နှင့် ရောရာသတ္တု အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အတည်ပြုနိုင်ပါကြောင်းနှင့် အတည်ပြုပြန်ကြားရာတွင် အောက်ဖော်ပြပါ အချက်များအား အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြန်ကြားနိုင်ရေးအပေါ် လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည် -

(က) ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းဖော်ပြရန်-

(၁) စီမံကိန်းလုပ်ကွက်ဧရိယာကို လတ္တီတွဒ် ၊ လောင်ဂျီတွဒ် Coordinate အမှတ်များဖြင့်ဖော်ပြရန်၊

(၂) သတ္တုတူးဖော်ရေးလုပ်ကွက်မှ စီးထွက်ရေနောက်များကို ရေစစ်၊ ရေစုကန်များတွင် အနည်ထိုင်စေပြီးနောက် ပြင်ပသို့စွန့်ထုတ်မည့်တည်နေရာ လိုက်နာမှတ် (Point of Compliance) ကို လတ္တီတွဒ်၊ လောင်ဂျီတွဒ် Coordinate အမှတ်များဖြင့်ဖော်ပြရန်နှင့် အဆိုပါနေရာတွင်တိုင်းတာသည့် Parameter၏ အကြိမ်ရေတို့ကိုဖော်ပြရန်၊

(ခ) စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်သူ ကိုယ်တိုင်ဖြစ်စေ၊ စီမံကိန်းကိုယ်စား လုပ်ငန်းဆောင်ရွက်သော သို့မဟုတ် စီမံကိန်းဆောင်ရွက်သူက ခန့်အပ်၊ ငှားရမ်း၊ လုပ်ပိုင်ခွင့်ပေးအပ်ထားသော ကန်ထရိုက်တာများ၊ လက်ခွဲကန်ထရိုက်တာများ၊ အရာရှိများ၊ (လုပ်သား) ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ ကိုယ်စားပြုသူများနှင့် အကြံပေးပုဂ္ဂိုလ်များကဖြစ်စေ ပြုလုပ်သော သို့မဟုတ် ပျက်ကွက်သော လုပ်ငန်းများ အားလုံးအတွက်လည်းကောင်း၊ ဆိုးကျိုးထိခိုက်မှုအားလုံးအတွက်လည်းကောင်း စီမံကိန်း ဆောင်ရွက်သူက ဥပဒေကြောင်းအရနှင့် ငွေရေးကြေးရေးအရ အပြည့်အဝ တာဝန်ယူဆောင်ရွက်ရန်၊

(ဂ) အခန်း (၃) တွင် ဖော်ပြထားသောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ တို့ကို လိုက်နာဆောင်ရွက်ရန်၊

(ဃ) အမှန်အမှားများထွက်ရှိမှုနှင့် ဆူညံသံနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊